## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဇွန်လနှင့်ဇူလိုင်လတို့တွင်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၆၆၀.၃၂၈) သန်း၊၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၃၆၆.၄၇၄)သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏUS$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၂၈၇.၀၉၃ * | - | ၆၄.၀၀၀ * |
| (ခ) | စက်မှုကဏ္ဍ | ၂၀ | ၂၇၉.၀၈၇ * | ၂၃ | ၁၅၁.၇၉၄ |
| (ဂ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄.၉၀၀ | ၁ | ၈၇.၅၀၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | ၁ | ၃.၂၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၃ | ၆၆.၂၉၇ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၂၂.၉၅၁ * | ၁ | ၅၅.၀၀၀ * |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၁ | ၄.၉၈၀ |
| စုစုပေါင်း | | ၂၇ | ၆၆၀.၃၂၈ | ၂၇ | ၃၆၆.၄၇၄ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၄။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၉၂၅၂၀.၇၂၆) သန်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် (၁၂၈၇၃၅.၆၁၄) သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁၀၀၆၉၃.၈၅၀ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၁၃၅၀၉.၇၀၂ * | ၄ | ၁၄၁၇၃.၃၉၈ |
| (ဂ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၃၆၉၂၄.၉၉၀ | - | - |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၅ | ၂၃၃၂၇.၄၅၄ | ၁ | ၆၀၁၀.၀၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၅၀၀.၀၀၀ * | ၂ | ၄၀၀၀.၀၀၀ |
| (စ) | လယ်ယာကဏ္ဍ | - | - | ၂ | ၅၀၀.၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆ | ၁၈၂၅၈.၅၈၀ | ၃ | ၃၃၅၈.၃၆၆ |
| **စုစုပေါင်း** | | **၁၈** | **၉၂၅၂၀.၇၂၆** | **၁၃** | **၁၂၈၇၃၅.၆၁၄** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၆။ ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | လယ်ယာကဏ္ဍ | - | ၁၆၀ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂၅၈ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၂၅၉၈ * | ၁၅၈၄၉ * |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၉၇ |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၄ | ၂၂၄ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၂၅ | ၃၅၃ |
| | **စုစုပေါင်း** | **၁၃၀၈၅** | **၁၆၆၈၃** |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသား များရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁၉၉၂ | ၃၁၄ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃၆၆ | ၅၁ |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၅၉ |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၉၄ |
| (င) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၃၈ | - |
| (စ) | လယ်ယာကဏ္ဍ | - | ၃၂ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၇၇ | ၁၁၈ |
| | **စုစုပေါင်း** | **၂၈၇၃** | **၈၆၈** |